# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ကြေညာချက်
# ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်၍ မြှင့်တင်ဆောင်ရွက်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု ပြပွဲများကို နှစ်စဉ်အလှည့်ကျကျင်းပ ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဘားအံမြို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ ကျင်းပသွားမည် ဖြစ်ပါသည်။

၂။ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိသောပြည်နယ် ဖြစ်ပါသဖြင့် ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် အကျိုးအမြတ် ဖြစ်ထွန်းစေသည် သာမက ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း များစွာ အထောက်အကူပြုစေမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင် စားသူ နိုင်ငံသား၊နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းများ။

(ခ) အာမခံကုန်လှောင်ရုံလုပ်ငန်းများ။

(ဂ) စက်မှုဇုန် တည်ထောင်သည့်လုပ်ငန်းများ။

(ဃ) ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦလုပ်ငန်းများ။

(င) စက်မှုကုန်ထုတ်လုပ်ငန်းများ။

(စ) စိုက်ပျိုးရေးလုပ်ငန်းများ။

(ဆ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ။

၄။ အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြ လာပါက ဆောလျင်စွာ စိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက အောက်ပါ လိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-


မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ရန်ကင်းမြို့နယ်၊

ရန်ကုန်မြို့

ဖုန်း-၀၁-၆၅၈၁၂၉

ဖက်စ်-၀၁-၆၅၈၁၃၇

e-mail- emeraldsanda20@gmail.com

invthree@gmail.com